**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (049/2010)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၉/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၂၆) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၀၁) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- တရုတ်နိုင်ငံဘက်သို့ ဆိတ်အကောင် ၅၀ ကျော်အား ပို့ရန် ပန်းဆေးပြည်သူ့စစ်အဖွဲ့ထံအပ်နှံထားခံရသော ဆိတ်မောင်းသမား ၅ ဦးအား မူစယ်မြို့ စစ်ဘက်ရေးရာလုံခြုံရေး (စရဖ)တပ်ဖွဲ့က ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီခန့်၌ ထိုးကြိတ်၍ တရုတ်ငွေ ယွမ် ၁၀,၀၀၀ တောင်းယူခဲ့သည့်ဟု ဆိတ်မောင်းသမားနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 271210)** Read More...
- ကချင်ပြည်နယ်၏ အဓိက တရုတ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နှစ်မြို့ကို ဆက်သွယ်ထားသည့် ဗလမင်းထင်ရော၀တီ မြစ်ကူးတံတား ဖြတ်သန်းသွားလာမှုအား စစ်အစိုးရမှ နံနက် ၆နာရီမှ ညနေ ၆နာရီထိ ကန့်သတ်လိုက်ပြီး စစ်ဆေးမှုများ ပိုမိုတင်းကြပ်လိုက်ခြင်းကြောင့် ဒေသခံပြည်သူများနှင့် ကုန်သည်များ အခက်ကြုံနေရ သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(KNG 271210)** Read More...
- လယ်ယာမြေ အဓမ္မသိမ်းယူခဲ့သော ယုဇနကုမ္ပဏီအား ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်ရှိ တောင်သူ ၆၃ ဦး တရားစွဲထားသည့်အမှုကို ပြည်နယ်တရားရုံးက ယခုလ ၃၁ ရက်နေ့တွင် အပြီးသတ် အမိန့်ချမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်ဟု တောင်သူများဘက်မှ ရှေ့နေဖြစ်သူ ဦးမြင့်သွင်က ပြောသည်။ **(Mizzima 281210)** Read More...
- ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်ရှိ နယ်မြေခံစစ်တပ်အတွက် နွေစပါးကေ ၂၀ စိုက်ရန်ပြုလုပ်ရာ ပဲစိုက်ခင်းကေ ၄၀၀ ထဲ ရေဝင်ပျက်စီးမည်ကို စိုးရိမ်နေသော လယ်သမားများက ပြည်ပမီဒီယာများမှတဆင့် ပျက်စီးမှုအခြေအနေများကို ထုတ်လွှင့်ခဲ့ သောကြောင့် မယကမှ ခေါ်ယူတွေ့ဆုံပြီး ရေမဝင် မပျက်စီးရအောင် ဆောင်ရွက်ပေးမည်ဟု ကတိပြုလိုက်လျှောခဲ့ ကြောင်း လယ်သမားများက ပြောသည်။ **(DVB 281210)** Read More...
- စစ်အစိုးရက "အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်" ဟု အမည်ပေးထားသည့် တိုင်းစစ်ဌာနချုပ်အသစ်ကို ရှမ်းပြည်တောင်ပိုင်း တောင်ကြီးနှင့် ကျိုင်းတုံဒေသအကြားရှိ ခိုလမ်ဒေသတွင် အဓိကအခြေစိုက် ဌာနချုပ်အဖြစ် ထပ်မံတိုးချဲ့ ဖွင့်လှစ်လိုက်ပြီး တိုင်းမှူးအဖြစ် မေမြို့ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မြထွန်းဦးအား ဒီဇင်ဘာ ၂၄ရက်နေ့က အတည်ပြုခန့်အပ်လိုက်ကြောင်း နေပြည်တော်ရှိ စစ်တပ်အသိုင်းအဝိုင်းက ပြောသည်။ **(Irrawaddy 291210)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံခြားကုမ္ပဏီ ၃၀ မှ လုပ်ကွက် ၅၂ ကွက်၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြောင်း၊ ဖော်ထုတ်ပြီးကမ်းလွန်လုပ်ကွက်များထဲတွင် နိုင်ငံခြားကုမ္ပဏီများ မြှုပ်နှံနိုင်သည့် လုပ်ကွက် အရေအတွက်မှာ ၂၂ ကွက်သာ ကျန်ရှိတော့ကြောင်း စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(EMG 301210)** [Read More...]
- ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဒိန့်ဂျန်ကျေးရွာ၌ စစ်အစိုးရနှင့် အကျိုးတူ ပူးပေါင်းနေသည့် တရုတ်ကုမ္ပဏီ စိန်နဂါးနစ်ကောင်သည် ဒေသခံပြည်သူများ၏ လယ်ယာမြေများကို မတရားသိမ်းပိုက်နေသည်မှာ ဧက ၁၀၀ ကျော် ရှိနေပြီ ဟု လယ်ဧက ၂၅ဧက အသိမ်းခံရသည့် ဒေသခံတစ်ဦးက ပြောသည်။ **(KNG 301210)** [Read More...]
- စစ်အစိုးရနှင့် နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင် ဦးတေဇက မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ မိတ္ထီလာ အကျဉ်းထောင်ကို ကျပ်သိန်းပေါင်း နှစ်သောင်း (၂၀,၀၀၀)ဖြင့် ဝယ်ယူ၍ ဈေးဝယ် စင်တာ **(Shopping Mall)** ဆောက်မည်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာနနှင့် စီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းက ပြောသည်။ **(Irrawaddy 301210)** [Read More...]
- ဘင်္ဂလားဒေ့ရှ် နယ်စပ်ဘက်သို့ စစ်အစိုးရတပ်မှ တပ်ကြပ်အဆင့်ရှိ စစ်သားတစ်ဦးက လက်နက်နှင့်အတူ ဝင်ရောက်ခဲ့ခြင်းကြောင့် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက ဖမ်းဆီးလိုက်ပြီး ဒက္ကားမြို့သို့ စစ်ဆေးရန် ခေါ်ဆောင်သွားသဖြင့် စစ်အစိုးရဘက်မှ တပ်အင်အား ၄၀ က ဘင်္ဂလားဒေ့ရှ်ပိုင်နက်ထဲတွင် ဝင်ရောက် နေရာယူထား လိုက်သည်။ **(Narinjara 311210)** [Read More...]

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ပထမဆုံးလွှတ်တော်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဗဟိုအလုပ်မှုဆောင်နှင့် ဗဟိုဦးစီးအဖွဲ့တို့သာ ပါဝင်သော ထိပ်တန်းအစည်းအဝေးတစ်ရပ်ကို ဇန်နဝါရီ ၂ ရက်နေ့မှစ၍ နှစ်ရက်ကြာ နေပြည်တော်တွင် ပြုလုပ်မည်ဟု ပါတီတွင်း သတင်းရင်းမြစ်များက ပြောသည်။ **(Mizzima 291210)** [Read More...]

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- ပြည်ထောင်စု ပြိုကွဲမည့် စိတ်ကူးမှန်သမျှ မကြံစည်မိကြရန်ဆိုသည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိန့်ခွန်းထဲမှ ရည်ညွှန်းပြောဆိုချက်နှင့်ပတ်သက်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝင်းတင်က ဒုတိယပင်လုံညီလာခံသည် ပြည်ထောင်စု ပြိုကွဲရေးမဟုတ်ဘဲ ကြီးမားသောပေါင်းစည်းမှု တစ်ခုဖြစ်သည်ဟု ပြောဆိုလိုက်သည်။ **(BBC 261210)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်၏ မိခင် ဒေါ်ခင်ကြည် ကွယ်လွန်ခြင်း ၂၂ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဘာသာပေါင်းစုံဝတ်ပြုဆုတောင်းပွဲအခမ်းအနားကို တက္ကသိုလ်ရိပ်သာလမ်းနေအိမ်တွင် ဒီဇင်ဘာ ၂၇ ရက်နေ့နံနက် ၁၀ နာရီခွဲခန့်က ပြုလုပ်ခဲ့သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**(NLD)** ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်က ပြောသည်။ **(Irrawaddy 271210)** [Read More...]
- မန္တလေးတိုင်းအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင်များ စုပေါင်းဖွဲ့စည်းထားသည့် နိုင်ငံရေးအကျဉ်သားများကူညီစောင့်ရှောက်ရေးအဖွဲ့က လစဉ် နိုင်ငံရေးအကျဉ်းသားများကို ကူညီထောက်ပံ့ ပေးနေရာ ယခုလအတွက် နိုင်ငံရေးအကျဉ်းကျ **NLD** အဖွဲ့ဝင် ၂ ဦးနှင့် အခြား နိုင်ငံရေးအကျဉ်းသား ၂ ဦးကို အလှူငွေ ကျပ် ၅ သောင်းစီ ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဦးကိုလေးက ပြောသည်။ **(RFA 271210)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်က ချင်းပြည်နယ်တွင် အငတ်ဘေးဒဏ်ကြုံတွေ့နေရသည့် ချင်းပြည်သူများကို အကူအညီများထောက်ပံ့ပေးအပ်နိုင်ရန်အတွက် လက်ရှိကြုံတွေ့နေရသည့် အခြေအနေများကို စာရင်းပြုစုပြီး ပြန်လည်တင်ပြရန် ဒီဇင်ဘာ ၂၂ ရက်နေ့က ချင်းပြည်နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့စဉ် ညွှန်ကြားခဲ့သည်ဟု ချင်းပြည်နယ် **NLD** ဗဟိုတာဝန်ခံ ဦးဇော်ဘွဲ့က ပြောသည်။ **(Khonumthung 281210)** [Read More...]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- လက်ရှိ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော နိုင်ငံရေး၊ လူမှုရေး အကျပ်အတည်းများကို ဖြေရှင်းရန် ကြိုးစားရာတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသောကြောင့် လူငယ်များ မဖြစ်မနေပါဝင်ရမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ ၂၈ ရက်နေ့ လူငယ်များနှင့် တွေ့ဆုံပွဲတွင် တိုက်တွန်း ပြောဆိုလိုက်သည်။ **(VOA 281210)** Read More...
- ဒီဇင်ဘာ ၂၈ ရက်နေ့က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အလွှာစုံမှ လူငယ် ၂၀၀ ကျော်တို့၏ တံခါးပိတ်ဆွေးနွေးပွဲတွင် နိုင်ငံရေး နီးကြားတက်ကြွသော လူငယ်များအကြား ဆက်သွယ်ရေးကွန်ယက်တစ်ခုကိုဖွဲ့စည်းလိုက်သည်ဟု တက်ရောက်ခဲ့သူလူငယ်တစ်ဦးက ပြောသည်။ **(Mizzima 281210)** Read More...
- ရခိုင်ပြည်နယ်တွင် တိုက်ခတ်သွားသည့် ဂီရိဆိုင်ကလုံးမုန်တိုင်းဒဏ် ပြန်လည်ထူထောင်ရေးတွင် နိုင်ငံတကာမှ စိတ်ဝင်စားမှုအားနည်းနေသောကြောင့် ဒုက္ခသည်များကို ဝိုင်းဝန်းအကူအညီပေးကြရန် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီရေး အတိုက်အခံခေါင်းဆောင်များက နိုင်ငံတကာမိသားစုများသို့ အကူအညီပမာဏ ကိန်းဂဏန်းများနှင့်တကွ ပန်ကြားလိုက်သည်။ **(VOA 281210)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ပြန်ကြားရေးလုပ်ငန်းများ သွက်လက်မြန်ဆန်ရေး၊ လူထုနှင့် တိုက်ရိုက် ထိတွေ့နိုင်ရေးတို့အတွက် အွန်လိုင်းကဏ္ဍအပါအဝင် သတင်းနည်းပညာများကိုအသုံးပြုသွားရန်အတွက် ပါတီတွင်းဥပဒေ အထောက်အကူပြုအဖွဲ့များနှင့် ညှိနှိုင်းလျက်ရှိသည်ဟု ပါတီပြောခွင့်ရ ဦးအုန်းကြိုင်က ပြောသည်။ **(Irrawaddy 291210)** Read More...
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ရွှေဂုံတိုင် ရုံးချုပ်တွင် နိုင်ငံရေးအကျဉ်းသားများနှင့် **HIV/AIDS** ဝေဒနာရှင်များအား ထောက်ပံ့နိုင်ရေးအတွက် ၆၃ နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဈေးရောင်းပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်နေ့ နံနက်ပိုင်းထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့လည်ပိုင်းတွင် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဟောပြောပွဲများ ဆက်လုပ်သွားမည် ဟု **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောသည်။ **(Irrawaddy 301210)** Read More...
- ဒေါ်အောင်ဆန်းစုကြည်၏ နှစ်သစ်နှုတ်ခွန်းဆက် ထုတ်ပြန်ချက်ထဲတွင် မြန်မာနိုင်ငံ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓါတ် ပြန်လည်နိုးကြားလာရန်အတွက် ပြည်သူ့နိုင်ငံရေး၊ လူမှုရေး ကွန်ယက်ကြီးတစ်ရပ် ထူထောင်ရာတွင် ခွန်သစ်၊ အားသစ်၊ လုပ်ငန်းပုံစံသစ်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုက်သည်။ **(VOA 311210)** Read More...
- နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက် ဆုတောင်းပွဲအခမ်းအနားတစ်ခုကို ဒီမိုကရေစီရေးလှုပ်ရှားနေသည့် အဖွဲ့အစည်းအသီးသီးက စုပေါင်းပြီး ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဒီဇင်ဘာ ၁ ရက်နေ့က ပြုလုပ်ခဲ့သည်ဟု အခမ်းအနားတက်ရောက်ခဲ့သူ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဖြိုးမင်းသိန်းက ပြောသည်။ **(RFA 010111)** Read More...
- ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ပြန်လွှတ်ပေးခြင်းသည် အရေးကြီးသော အမျိုးသား ပြန်လည်သင့်မြတ်ရေးကိစ္စ၏ အဟန့်အတားများကို ခြေဖျက်နိုင်သောကြောင့် နှစ်သစ်တွင် အမြန်ဆုံး ပြန်လွှတ်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးဝင်းတင်က စစ်အစိုးရကို ပန်ကြားလိုက်သည်။ **(VOA 010111)** Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ရခိုင်ပြည် အမျိုးသားညီညွတ်ရေးပါတီ **NUPA** ၏ စင်ပြိုင် ဥက္ကဋ္ဌ တစ်ဦးဖြစ်သူ ဦးပဒီးဖြူသည် ဒီဇဘ်ာလ ၂၄ ရက်နေ့က မလေးရှားခရီးစရိတ်အတွက် ငွေ ၆၅၀၀၀ ကာတာကို ယူဆောင်ပြီး မောင်းတောအခြေစိုက် စရဖနှင့် ဆက်သွယ်ကာ လက်နက်ချသွားခဲ့သည်ဟု **NUPA** အတွင်းရေးမှူး ဖြစ်သူ ဦးစောလှအောင်က အတည်ပြု ပြောကြားသည်။ **(Narinjara 271210)** Read More...
- ထိုင်းနယ်စပ်တစ်နေရာတွင် ဒီဇင်ဘာ ၂၇ ရက်နေ့က ကျင်းပသည့် ရှမ်းပြည်ကွန်ဂရက် **EC** အစည်းအဝေး၌ တိုင်းရင်းသားခေါင်းဆောင်အချို့က ဒေါ်အောင်ဆန်းစုကြည်ပြောသော ၂၁ ရာစု ဒုတိယပင်လုံညီလာခံ၏ ရည်မှန်းချက်သည် မပီပြင်သေးဟု ပြောဆိုလိုက်သော်လည်း သူမအား မိမိတို့အနေဖြင့် အမြဲတမ်းထောက်ခံကြောင်း ပအိုဝ်းခေါင်းဆောင် ခွန်ဥက္ကာကပြောသည်။ **(S.H.A.N 281210)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## (ဂ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ ရှေးဟောင်း သမိုင်းဝင်နေရာများကို ဖြတ်သန်းဖောက်လုပ်မည့် မင်းဘူး၊ အမ်း၊ စစ်တွေ ရထားလမ်းသည် ရှေ့ဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမည့် အခြေအနေဖြစ်နေသောကြောင့် တားဆီးပေးရန် ပြည်ပအခြေစိုက် ရခိုင်အမျိုးသမီးများအစည်းအရုံးက ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ **UNESCO** ထံသို့ မေတ္တာရပ်ခံ တောင်းဆိုလိုက်သည်။ **(VOA 271210)** **Read More...**
- ကရင်ပြည်နယ် အရှေ့ဘက်ခြမ်းတွင် စစ်အစိုးရတပ်များနှင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** တပ်တို့၏ ပဋိပက္ခတိုက်ပွဲများကြောင့် နယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာသူ ဒုက္ခသည်တွေကို ထိုင်းအစိုးရမှ ဌာနေသို့ ပြန်လည်ပို့ဆောင်နေသော်လည်း နယ်စပ်တလျှောက်ရှိ ထိုင်းနိုင်ငံ အုန်းဖန်၊ ဖုတ်ဖရ၊ မဲဆောက် စသည့် ဒေသများ တွင် ဒုက္ခသည် ၈,၂၀၀ ကျော် ပုန်းအောင်းနေဆဲ ရှိနေသည်ဟု ကူညီကယ်ဆယ်ရေး လုပ်နေသည့် တာဝန်ခံတစ်ဦးဖြစ်သူ ဆရာနေဦးကပြောသည်။**(VOA 301210)****Read More...**

## (ဃ) ပြည်ပအင်အားစုများ

- ဉရောပရောက် ကရင်တိုင်းရင်းသားများနှင့် စုပေါင်းဖွဲ့စည်းထားသည့် ယူရိုပီယံ ကရင်နက်ဝပ်ညီလာခံကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ဒီဇင်ဘာ ၂၇ ရက်မှစတင်ပြီး ၂ ရက်ကြာကျင်းပမည်ဖြစ်ရာ ၄င်းညီလာခံတွင် မြန်မာ့နိုင်ငံရေး အပြောင်းအလဲ ဖြစ်ပေါ်လာရေးနှင့် ကရင်ပြည်နယ်တွင်းရှိ လတ်တလောဖြစ်နေသော တိုက်ပွဲများ၏ အခြေအနေ အပါအဝင် ကရင်တိုင်းရင်း သားအရေးများကို ဆွေးနွေးကြမည်ဟု ယူရိုပီယံ ကရင်နက်ဝပ် ဥက္ကဋ္ဌ ဇိုယာဖန်းက ပြောသည်။ **(DVB 271210)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- ဝ ပြည်သွေးစည်း ညီညွတ်ရေးပါတီ **UWSP** ခရိုင်အဆင့် ပါတီအတွင်းရေးမှူးများ၏ ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သော ညီလာခံမှ ညီလာခံမိန့်ခွန်းအတိုင်း ဘက်မလိုက် ကြားနေဝါဒမူအတိုင်း ရပ်တည်သွားမည်ဖြစ်ပြီး ဝ ပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝ ခေါင်းဆောင်တစ်ဦးက ပြောသည်။ **(S.H.A.N 271210)** **Read More...**
- ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ **UWSP** ၏ ၅ ကြိမ်မြောက် ခရိုင်ပါတီညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မည့် ဒုတိယပင်လုံညီလာခံ ခေါ်ယူကျင်းပရေးကို သေချာရှင်းလင်းစွာ နားလည်မှုများ မရှိသေးသည့်အတွက် စောင့်ကြည့်သွားရန် ဆုံးဖြတ်ခဲ့သည်ဟု **UWSP** မှ အမည်မဖော်လိုသူ ဗိုလ်မှူးကြီးတစ်ဦးက ပြောသည်။ **(Mizzima 291210)** **Read More...**
- စစ်အစိုးရဘက်မှ နောက်ဆုံးဖိအားပေးမှုဖြစ်သော မွန်ပြည်သစ်ပါတီအနေနှင့် နယ်ခြားစောင့်တပ် ပြည်သူ့စစ်ပုံစံနှင့် လက်နက်မအပ်နှံပါက ယခင် အပစ်မရပ်စဲမီကာလမျိုး ပြန်လည်သဘောထားမည့်အပေါ် လက်မခံကြောင်း ငြင်းဆိုပြီးနောက်ပိုင်း ပါတီအား ဖိအားတစုံတရာ ပေးလာခြင်းမရှိသည့်အပေါ် သံသယရှိနေသည်ဟု ပါတီဗဟို ကော်မတီဝင်တစ်ဦးက ပြောသည်။ **(IMNA 291210)** **Read More...**

### နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ဗိုလ်မှူးချုပ် စောထင်မောင်ဦးစီးသည့် **KNU/KNLA** ငြိမ်းချမ်းရေးကောင်စီမှ စောကျော်ကျော်ထက်ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၁ ဦးသည် စစ်အစိုးရထံ လာရောက်လက်နက်ချသည်ဟု ဒီဇင်ဘာ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားချက်သည် လက်နက်ချပြီးသား တပ်ဖွဲ့ဝင်များကို လုပ်ဇာတ်ထွင်ကာ နာမည်ပျက်ရန် တမင်လုပ်ဆောင်သော ဝါဒဖြန့်လုပ်ရပ်တစ်ခုသာဖြစ်သည်ဟု **KNU/KNLA** မှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာစောတီမိုသီက တုန့်ပြန်ပြောကြားလိုက်သည်။ **(KIC 281210)** **Read More...**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ၄င်းတို့ပါတီလုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများဖြစ်သော ဆောက်လုပ်ရေး၊ ဆန်စပါးလုပ်ငန်းနှင့် ရေလုပ်ငန်းများအတွက် ပြည်သူများကို အစုရှယ်ယာဝင်ရန် အင်တာနက်မှတဆင့် ဖိတ်ခေါ်လိုက်သည်ဟု ပါတီအတွင်းရေးမှူး ဦးနေမျိုးဝေက ပြောသည်။ **(BBC 271210)** Read More...
- မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် အမြန်ရောက်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ ၂ ဦး တွေ့ဆုံဆွေးနွေးနိုင်ရန် လိုအပ်ကြောင်း ပြည်ထောင်စု ဒီမိုကရေစီပါတီ **UDP** ဥက္ကဋ္ဌ ဦးသိန်းတင်အောင်က ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ **(RFA 271210)** Read More...
- ပြည်ထောင်စု ဒီမိုကရေစီပါတီ **UDP** က နှစ်သစ်ကူးသဝဏ်လွှာအဖြစ် ထုတ်ပြန်သည့် ကြေညာချက်ထဲတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်ပြောင်းလဲရေးကို အထောက်အကူ မဖြစ်စေနိုင်သော စစ်အစိုးရအပေါ် စီးပွါးရေးပိတ်ဆို့ထားမှုကို ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်ဟု **UDP** ဥက္ကဌ ဦးသိန်းတင်အောင်က ပြောသည်။ **(BBC 281210)** Read More...
- အခြားပါတီများမှ ပါတီရပ်တည်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နေချိန်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည)အနေဖြင့် လောလောဆယ် အချိန်ထိ စီးပွားရေးလုပ်ငန်းအသစ်များ တိုးချဲ့လုပ်ကိုင်မည် မဟုတ်ဟု ပါတီပြောခွင့်ရ ဦးဟန်ရွှေက ပြောသည်။ **(RFA 281210)** Read More...
- မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **AMRDP** က ပါလီမန်တွင် ဆွေးနွေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စကို မော်လမြိုင်မြို့တွင်  ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်ထိ ဥပဒေပညာရှင် ၂ ဦးနှင့် ခေါ်ယူတိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု ပါတီဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ **(DVB 281210)** Read More...
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)သည် ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများနှင့်အတူ ပါတီနိုင်ငံရေးသင်တန်းများကို ပါတီဝင်များအတွက် ဖွင့်လှစ်သွားမည့်အပြင် နှီးနှောဖလှယ်ပွဲများနှင့် နိုင်ငံလုံးဆိုင်ရာ ပွဲတော်များကို လုပ်ဆောင်ရန် ပြင်ဆင်နေသည်ဟု ပါတီဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(YMG 281210)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီမှ အနိုင်ရထားသည့် ကိုယ်စားလှယ် ဦးသိန်းညွန့်၊ ဦးကျော်၊ ဒေါ်စမ်းစမ်မြင့်နှင့် ဦးဖုန်းမြင့်အောင်တို့က ပေါ်ပေါက်လာမည့် လွှတ်တော်၌ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့ထားမှုအား ရုပ်သိမ်းပေးရေး အဆိုပြုလွှာတစ်စောင်ကို ပူးပေါင်းတင်သွင်းသွားမည်ဟု  ဦးသိန်းညွှန့်က ပြောသည်။ **(Irrawaddy 291210)** Read More...
- အမျိုးသားရင်ကြားစေ့ရေးအတွက် မှန်ကန်သည့် ချဉ်းကပ်မှု၊ ထိပ်တိုက်ရင်ဆိုင်မှုမျိုး မရှိသော အားပြိုင်နိုင်ငံရေးအခင်းအကျင်းထဲမှ  ပူပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လမ်းကြောင်းများ ပေါ်လာလျှင် ဒေါ်အောင်ဆန်းစုကြည် ၏ဦးဆောင်မှုနောက်သို့ လိုက်ပါရန် အဆင့်သင့်ရှိသည်ဟု အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(Irrawaddy 291210)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ခေါင်းဆောင်များဖြစ်သော ဦးခင်မောင်ဆွေ၊ ဒေါက်သန်းငြိမ်းနှင့် ဒေါက်တာဝင်းနိုင်တို့က ဒီဇင်ဘာ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရာ၌ ပါတီနိုင်ငံရေးကိစ္စများမပါပဲ ပုဂ္ဂိုလ်ရေးအရသာ ဖြစ်ပြီး ၄င်းအပေါ် အားရကျေနပ်မှုရှိကြောင်း **NDF** မှ ဦးခင်မောင်ဆွေက ပြောသည်။ **(Mizzima 301210)** Read More...
- တောင်ငူခရိုင်အတွင်း ဖြူး၊ တောင်ငူနှင့် ရေတာရှည် မြို့နယ်များရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များနှင့် အတူ အခြားလူငယ်များသည် တောင်ငူမြို့ အဖွဲ့ချုပ် ဦးအောင်စိုးမြင့်၏ နေအိမ်တွင် ဒီဇင်ဘာ ၃၀ ရက်နေ့ နေလည်းခင်း၌ တွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားများနှင့် အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကာ ကြိုဆိုထောက်ခံခဲ့ကြသည်ဟု ဦးအောင်စိုးမြင့်က ပြောသည်။ **(RFA 301210)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)** ဗဟိုအလုပ် အမှုဆောင်ရွေးချယ်ပွဲကို ၂၀၁၁ ခုနှစ် ဇန်န်ဝါရီလ ပထမအပတ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အရွေးချယ်ခံ ဒေါက်တာ မြတ်ဉာဏစိုးက ပြောသည်။ **(Popular News 311210)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ

- ရွေးကောက်ပွဲကော်မရှင်က လွှတ်တော်ကိုယ်စားလှယ်များ၏ တရားစွဲမှုများ ခက်ခဲရန် တမင်ပြုလုပ် ထားမှုအဖြစ် ကော်မရှင်ထံမှ မိတ္တူကူးခ ငွေ ၃၅ သိန်းနှင့် တရားစွဲဆိုရန် ဘဏ်သွင်းငွေ ၁၀ သိန်း စုစုပေါင်း ၄၅ သိန်း ကုန်ကျမည်အခြေအနေနှင့် ကြုံတွေ့နေရသည်ဟု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ် ကျန်းမာ ရေးဝန်ကြီး ဒေါက်တာကျော်မြင့်ကို တရားစွဲရန် ပြင်ဆင်နေသည့် မန္တလေးမှ တသီးပုဂ္ဂလကိုယ်စားလှယ် ဦးစိန်လှက ပြောသည်။ **(DVB 271210)** **Read More...**

## မီဒီယာအခန်းကဏ္ဍ

- ပြည်တွင်း သတင်းစာဆရာအချို့ စုပေါင်းပြီး ပြည်တွင်း၌ရေးသားထုတ်ဝေနေသည့် သတင်းစာစောင်များထဲမှ ထူးချွန် ပြောင်မြောက်သော စာနယ်ဇင်းသမားများ၏ လက်ရာများကို (၅) မျိုးခွဲခြားကာ နှစ်စဉ် ဆုရွေးချယ် ချီးမြှင့်သွားမည်ဖြစ် ပြီး ပထမဆုံးအကြိမ်အဖြစ် မြန်မာစာနယ်ဇင်းဆုကို ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်း၊ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီသီရိခန်းမတွင် ပြုလုပ်သွားမည်ဟု စီစဉ်ရာတွင် ပါဝင်သူသတင်းစာဆရာ ဦးကျော်ရင်မြင့်က ပြောသည်။ **(RFA 261210)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်မြောက်လာမှုကို နိုဝင်ဘာလ ၁၃ ရက် နံနက် ၆ နာရီခွဲမှစ၍ သတင်းထောက်များအပါအဝင် လာရောက်ကြည့်ရှုသူများ၊ ထောက်ခံသူများ၊ မြန်မာနိုင်ငံ ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ လာရောက်တွေ့ဆုံမှုများနှင့် နိုင်ငံတကာခေါင်းဆောင် များ၏ ဝမ်းမြောက်ကြိုဆိုမှုများကို **Eleven Media Group** ၏ ၂၀၁၀ ပြည့်နှစ် ထင်ရှားကျော်ကြားမှုကဏ္ဍတွင် ထည့်သွင်းဖော်ပြထားသည်။ **(Special News-Eleven 261210)** **Read More...**
- အေးရှားဝေါလ်ကုမ္ပဏီနှင့် ဦးထွန်းမြင့်နိုင်အား လမ်း၊ ဆိပ်ကမ်း လုပ်ငန်းများ လုပ်ကိုင်ထားမှုအပြင် မကွေး **FC** ဘောလုံးအသင်း တည်ထောင်ထားခြင်းကြောင့် ယခင်ကပင် လူသိများခဲ့ပြီး လုပ်ငန်းသစ်များ ထပ်မံတိုးချဲ့နိုင်ခြင်း ဟူသည့်အချက် ထည့်ပေါင်းခြင်းဖြင့် လူအများကြား ပို၍ကျော်ကြားလာသည့်အတွက် ၄င်းတို့အား **Eleven Media Group** ၏ ၂၀၁၀ ပြည့်နှစ် ထင်ရှားကျော်ကြားမှု ကဏ္ဍတွင် ထည့်သွင်း ဖော်ပြထားသည်။ **(Special News-Eleven 261210)** **Read More...**
- ရေရှည်စီမံကိန်းကြီးများတွင် ပါဝင်တည်ဆောက်ခွင့်ရခြင်း၊ စက်သုံးဆီဆိုင်လုပ်ငန်းတိုးချဲ့နိုင်ခြင်းမှစကာ ဘဏ်သစ်တည် ထောင်သည့် လုပ်ငန်းများကဲ့သို့သော လူအများစုအသုံးပြုရာ လုပ်ငန်းသစ်များ လုပ်ကိုင်လာနိုင်ခြင်း သတင်းများကြောင့် လူသိများ ကျော်ကြားလာသည့် **International Group of Entrepreneurs(IGE)** ကုမ္ပဏီနှင့် ဦးနေအောင်အား **Eleven Media Group** ၏ ၂၀၁၀ ပြည့်နှစ် ထင်ရှားကျော်ကြားမှုကဏ္ဍတွင် ထည့်သွင်းဖော်ပြထားသည်။ **(Special News-Eleven 261210)** **Read More...**
- စာပေစိစစ်ရေးနှင့် ပုံနှိပ်မှတ်ပုံတင်ဌာန (ဆင်ဆာဘုတ်)အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ သတင်းများနှင့် အင်တာဗျူး များကို ပြန်လည်သုံးသပ် ဖော်ပြခွင့်ပြုရန်နှင့် စာနယ်ဇင်း လွတ်လပ်ခွင့်ပေးရန် ပါကစ္စတန် သတင်းဖောင်ဒေးရှင်း **Pakistan Press Foundation - PPF** က ဒီဇင်ဘာ ၂၄ ရက်နေ့ ရက်စွဲဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ စာပေးပို့ တောင်းဆိုလိုက် သည်။ **(Mizzima271210)** **Read More...**
- စာပေစိစစ်ရေးမှ ညွှန်ကြားရေးမှူး ဗိုလ်မှူး တင့်ဆွေ၏ ခေါ်ယူပြောဆိုမှုမှတဆင့် စာပေစိစစ်ရေး၏ ဖိအားပေးမှုများကြောင့် **MYANMAR PRESS AWARD** ၂၀၁၀ ဟု အမည်ပေးထားသော မြန်မာလူငယ်သတင်းသမားများ ဂုဏ်ပြုဆုပေးပွဲကို လာမည့် ဇန်နဝါရီလအတွင်းသို့ ရွှေ့ဆိုင်းလိုက်ရသည်ဟု မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 281210)** **Read More...**
- အမျိုးသားစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာန၏ နှစ်စဉ်ရွေးချယ် ဆုချီးမြှင့်သည့် ဘာသာရပ် ၁၄ မျိုးတွင် ဆု ၄ မျိုးဖြစ်သော နိုင်ငံရေးစာပေ၊ ဘာသာပြန် (ရသ)စာပေ၊ လူငယ်စာပေနှင့် ပြဇာတ်စာပေဆုများကို ယခုနှစ်အတွက် ပါဝင်ခြင်းမရှိဟု ဆုရရှိသူစာရင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။ **(DVB 281210)** **Read More...**
- အမေရိကန်ပြည်ထောင်စုတွင် လူချစ်လူခင် အများဆုံး ပုဂ္ဂိုလ်များစာရင်းကို နှစ်စဉ် လူထုသဘောထား ကောက်ခံပြီး ဖော်ပြနေသည့် **Gallup** စာရင်းအရ ၂၀၁၀ ခုနှစ် အမေရိကန် ပြည်သူများ၏ ချစ်ခင်လေးစားမှု အရှိဆုံး နိုင်ငံခြားသူ



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

စာရင်းထဲတွင် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခဲ့သည်ဟု ဖော်ပြထားသည်။ **(RFA 281210)** [**Read More...**]

- ရန်ကုန် ကန်တော်ကြီးပါတ်လမ်းရှိ **X2O** အမည်ရှိ ရေကစားမဏ္ဍပ်တွင် ဗုံးပေါက်ကွဲခဲ့မှုနှင့်ပတ်သက်ပြီး ဓါတ်ပုံသတင်းထောက် ကိုစည်သူဇေယျာကို ဒီဇင်ဘာ ၂၁ ရက်နေ့က ထောင်ဒါဏ် ၈ နှစ် ချမှတ်ခဲ့သဖြင့် ပြင်သစ်အခြေစိုက် နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ **RSF** နှင့် မြန်မာသတင်းသမဂ္ဂ **BMA** တို့က ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ပူးတွဲ ကြေငြာချက် ထုတ်ပြန်ပြီး မြန်မာစစ်အစိုးရကို ဝေဖန်ရှုတ်ချလိုက်သည်။ **(RFA 281210)** [**Read More...**]
- ၂၀၁၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့သည့် ထိပ်တန်းအကောင်းဆုံး စာအုပ် ၄ အုပ်ထဲတွင် မြန်မာနိုင်ငံ၏ နာဂစ် မုန်တိုင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအကြောင်း ကိုယ်တိုင် ကွင်းဆင်း ရေးသားထားသည့် စာရေးဆရာမ **Emma Larkin** ၏ အားလုံးကျိုးပဲ့ပျက်စီးသွားပြီ အဓိပ္ပာယ်ရ **Everything is Broken** စာအုပ်ပါဝင်ကြောင်းကို အမေရိကန်နိုင်ငံ ဗားဂျီးနီးယားပြည်နယ် ရစ်ချ်မွန်းမြို့မှ ဒီဇင်ဘာ ၃၀ ရက်နေ့ထုတ် ရစ်ချ်မွန်း **(Richmond)** သတင်းစာတွင် ဖော်ပြထားသည်။ **(RFA 291210)** [**Read More...**]

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- ပဲခူးတိုင်းနှင့် မြန်မာပြည်အောက်ပိုင်းတွင် ရွာခဲ့သည့် ချိန်ခါမဲ့ ဆောင်းတွင်းမိုးကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးသွားသော လယ်သမားများက စိုက်ပျိုးရေးချေးငွေ ပြန်ဆပ်ရတော့မည့် အချိန်နှင့်လည်း တိုက်ဆိုင်နေသောကြောင့် နိုင်ငံတော် အစိုးရပိုင်းမှ အကူအညီပေးနိုင်ရန် ရေဖြူကန်တိုက်နယ်ရှိ လယ်သမားအယောက် ၄၀၀ ခန့်က စုပေါင်း လက်မှတ် ထိုးပြီး မယကထံ စာတင်ထားသည်ဟု အဆိုပါလယ်သမားတစ်ဦးက ပြောသည်။ **(DVB 261210)** [**Read More...**]
- ရွေးကောက်ပွဲ ဆန့်ကျင်ရေးမှတ်ဆေး ကမ်ပိန်းလှုပ်ရှားမှုနှင့် ဆက်စပ်ဖမ်းဆီးထားပြီး လက်ရှိ ပုသိမ်အကျဉ်းထောင်တွင် အချုပ်နှောင်ခံနေရသည့် မွန်ရဟန်းတော် အရှင်ဥတ္တမသအတွက် ဗဟိုတရားရုံးအယူခံကို ဒီဇင်ဘာလကုန်တွင် နေပြည်တော်သို့သွားတင်မည်ဟု အကျိုးဆောင်ရှေ့နေ ဒေါ်ခင်ဌေးကြွယ်က ပြောသည်။ **(DVB 261210)** [**Read More...**]
- နိုင်ငံရေးပါတီများ၏ စီးပွားရေးလုပ်ခွင့်နှင့်ပတ်သက်ပြီး ၂၀၀၈ ခုနှစ် အခြေခံဥပဒေသစ်တွင်၄င်း၊ တည်ဆဲ ဥပဒေများတွင် ၄င်း တိတိကျကျ သတ်မှတ် ပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက်အဆိုပါ ပါတီများ စီးပွားရေးလုပ်လျှင် လက်ဝါးကြီးအုပ် စီးပွားရေးစနစ် လွှမ်းမိုးလာနိုင်သည့် အန္တရာယ်ရှိသည်ဟု ရန်ကုန်မြို့မှ ဥပဒေအကြံပေး ဦးအောင်သိန်းက ထောက်ပြ ပြောဆိုလိုက်သည်။ **(RFA 281210)** [**Read More...**]
- ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာညီလာခံကြီးတွင် ဆင်းရဲနွမ်းပါးသည့်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ငွေကြေးထောက်ပံ့မှု အမြောက်အများထောက်ပံ့သွားမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ချက်များ ပြည့်မီလျှင် ရနိုင်သည် ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က စစ်အစိုးရကို ပြောဆိုလိုက်သည်။ **(DVB 281210)** [**Read More...**]
- အနုပညာရှင် ဦးကျော်သူကိုယ်တိုင် ဖန်တီးထားသော ငြိမ်းချမ်းရေးကို ရည်ရွယ်သည့် ၂၀၀၇ ရွှေဝါရောင် သံဃာ့လှုပ်ရှားမှု အမှတ်တရနှင့် ၄င်းကြုံခဲ့ဖူးသည့် ရုပ်ရှင်လောကအကြောင်း ရေးဆွဲထားသော ပန်းချီကားများနှင့် ဓာတ်ပုံ အနုပညာပြပွဲသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက် အားပေးခဲ့သည်ဟု ဦးကျော်သူက ပြောသည်။ **(RFA 010111)** [**Read More...**]

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာစစ်အစိုးရသည် နျူကလီးယား အစီအစဉ်များကို လျှို့လျှို့ဝှက်ဝှက် ဆောင်ရွက်နေသည်ဆိုသည့် သတင်းများသည် စိုးရိမ်စရာရှိပြီး အကယ်၍ နျူကလီးယားစက်ရုံ ဆောက်မည်ဆိုပါက ၄င်းသည် အရပ်ဘက်သုံး ဟုတ်မဟုတ်ကို **IAEA** ခေါ် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ စစ်ဆေးမှု ခံယူရမည်ဖြစ်သည်ဟု **IAEA** ပြန်ကြားရေးအရာရှိ ဂရက် ဝက်ဘ် **(Greg Webb)** က ပြောသည်။ **(VOA 281210)** [**Read More...**]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- မြန်မာနိုင်ငံသား အမျိုးသမီး၊ အမျိုးသား၊ ကလေးငယ် ၁၆၆ ယောက်ကို ထိုင်းနိုင်ငံ တပ်ခ်ခရိုင် ဒုက္ခသည်စခန်း တစ်ခုမှ လုံခြုံစိတ်မှု မရှိသော နေရပ်သို့ ပြန်လည်နှင်ထုတ်ခဲ့သော ထိုင်းနိုင်ငံ၏ လုပ်ရပ်သည် နေရင်းနိုင်ငံတွင် လုံခြုံမှု မရှိမချင်း ပြန်မပို့ဘဲ စေတနာ့ဝန်ထမ်း လက်ခံထားရမည်ဆိုသည့် ကုလသမဂ္ဂ၏ အခြေခံစံများနှင့် ကိုက်ညီခြင်း မရှိသဖြင့် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီး **(UNHCR)** ရုံးက ပြစ်တင် ရှုတ်ချလိုက်သည်။ **(VOA 281210)** Read More...

## (ခ) အစိုးရများ

- အဆင့်မြင့်နည်းပညာ ထုတ်လုပ်မှုများတွင် အသုံးပြုသည့် ဓာတ်သတ္တုများပါဝင်သော ရှားပါးမြေအမျိုးအစား အပါအဝင် ရေနံနှင့် ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းများကို တောင်ကိုရီးယားကုမ္ပဏီများက မြန်မာနိုင်ငံတွင် နှစ်နိုင်ငံ ပူးတွဲလုပ်ဆောင်သွားရန်ရှိသည်ဟု တောင်ကိုရီးယား ဥဏာစီးပွားရေးဝန်ကြီးဌာနကို ကိုးကားပြီး ယွန်ဟပ် **(Yonhap)** သတင်းတွင် ဖော်ပြထားသည်။ **(VOA 261210)** Read More...
- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မာနယ်ပလောနယ်အနီးတဝိုက်တွင် စစ်အစိုးရတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် **KNLA** တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် ဒုက္ခသည် ၆၅ ဦးကို ထိုင်းအာဏာပိုင် များက ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ပြန်ပို့လိုက်သည်ဟု ထိုင်းသတင်းအင်ဂျင်စီတွင် ဖော်ပြထားသည်။ **(DVB271210)** Read More...
- ဒေါ်အောင်ဆန်းစုကြည်အား ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် မစ္စလော်ရင် လီဂါးဒါး **(Loren Legarda)** က ဒီဇင်ဘာ ၂၆ ရက်နေ့တွင် လာရောက်တွေ့ဆုံခဲ့ပြီး ဆွေးနွေးမှုများကို သတင်းထုတ်ပြန်ရန် မရှိသော်လည်း ဖိလစ်ပိုင်နိုင်ငံသည် မြန်မာ့အရေးတွင် ပိုမိုတက်ကြွမှုရှိလာသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(**NLD**) ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(Irrawaddy 271210)** Read More...
- ကနေဒါပါလီမန်မှ ၂၀၀၇ ခုနှစ်တွင် ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင် ကနေဒါနိုင်ငံသားဆုကို လူကိုယ်တိုင် လာယူရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါ ဝန်ကြီးချုပ် စတီဖင်ဟာပါက ဖိတ်ခေါ်ကြောင်း ကနေဒါအခြေစိုက် **The Gazatte** သတင်းစာက ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ဖော်ပြထားသည်။ **(Mizzima 281210)** Read More...
- အိန္ဒိယအစိုးရ ပိုင်စွမ်းအင်အဖွဲ့ **NHPC** သည် ၁၂,၄၆၆ မဂ္ဂါဝပ် လည်ပတ်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်း ၂၀ ခုကို မြန်မာနိုင်ငံတွင် ထပ်မံပူးပေါင်းဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ငါးနှစ်ကြာ စီမံကိန်းဖြင့် တည်ဆောက် မည်ဖြစ်ပြီး အမေရိကန် ဒေါ်လာ ၅ ဒသမ ၆ ဘီလျံ ကုန်ကျမည်ဟု မျှော်မှန်းထားသည်။ **(The Myanmar Post 281210)** Read More...
- တရုတ်အစိုးရပိုင် တောင်ပိုင်းပြည်နယ်များ စွမ်းအင်ကုမ္ပဏီ၏ ယူနန်ပြည်နယ် လုပ်ငန်းခွဲသည် ၂၀၁၀ ပြည့်နှစ် ပထမ ၁၁ လအတွင်း မြန်မာနိုင်ငံရှိ ၄င်းအစိုးရမှ ကိုယ်တိုင်အကုန်ကျခံ တည်းဆောက်လည်ပတ်နေသည့် ရွှေလီ မြန်မာရေအားလျှပ်စစ်ဓာတ်အား စက်ရုံအမှတ် ၁ မှ နာရီဝပ် သန်းပေါင်း ၃ ထရီလီယံ တင်သွင်းခဲ့သည်ဟု ကုမ္ပဏီ၏ ကြေငြာချက်တွင် ဖော်ပြထားသည်။ **(RFA 291210)** Read More...
- တရုတ်အစိုးရသည် ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးမြို့နှင့် တစ်မိုင်ခန့်အကွာ နယ်နမိတ်ချင်းဆက်စပ်သည့် ၄င်း၏ ယူနန်ပြည်နယ် မန်ဟိုင်းမြို့တွင် ယခင် နယ်ခြားစောင့်တပ်များသာ ထားရှိခဲ့ရာမှ ယခုအခါ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်ဖွဲ့ **(People's Liberation Army)**၏ စစ်စခန်းများ အမြန်တည်ဆောက်နေပြီး **PLA** တပ်ရင်းတစ်ရင်း အခြေစိုက်မည်ဖြစ်ကြောင်း နယ်စပ် တရုတ်စစ်တပ်နှင့်နီးစပ်သည့် သတင်းရပ်ကွက်က ဆိုသည်။ **(KNG 291210)** Read More...
- မြန်မာနိုင်ငံအနောက်ဘက် မောင်းတောမြို့နယ်ဘက်ရှိ နယ်စပ်နှင့် ကပ်လျှက်တည်ရှိသော ဘင်္ဂလာဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့တွင် ခေတ်မှီ လေတပ်အခြေစိုက် စခန်းတစ်ခုကို များမကြာမီ တည်ဆောက်သွားမည်ဟု ဘင်္ဂလာဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီးနာက ဒီဇဘ်ာလ ၂၇ ရက်နေ့ ဆောင်းရာသီ လေတပ်လေ့ကျင့်ရေး အခမ်းအနားတစ်ခုတွင် ထုတ်ဖေါ်ပြောဆို လိုက်သည်။ **(Narinjara 291210)** Read More...
- ရခိုင်ပြည်နယ်အတွင်း လျှပ်စစ် မဂ္ဂါဝပ်(၅၀၀) ထုတ်လုပ်နိုင်မည့် အကြီးမားဆုံး ရေအားလျှပ်စစ် စီမံကိန်းတစ်ခုဖြစ်သော လေးမြို့မြစ် ရေအားလျှပ်စစ် စီမံကိန်းကို တရုတ်ကုမ္ပဏီ **Datang (Yunnan) United Hydropower Developing Co.Ltd** က လုပ်ပိုင်ခွင့် ရရှိသွားပြီး မြန်မာ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်း ဦးစီးဌာနနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ **(Narinjara 291210)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- အိုင်ယာလန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုက်ကယ်မာတင်က ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီဇင်ဘာ ၃၀ ရက်နေ့ ညနေပိုင်းတွင် တယ်လီဖုန်းနှင့် ဆက်သွယ် စကားပြောဆိုရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေး ကိစ္စရပ်များ ဆွေးနွေးပြောဆိုခဲ့သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 291210)** Read More...
- မြန်မာနိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်သွားရန် အမေရိကန်အစိုးရက ရည်ရွယ်ထားသော်လည်း နိုင်ငံရေးနှင့် လူ့အခွင့်အရေး အခြေအနေများ တိုးတက်အောင် စစ်အစိုးရဘက်က လုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာန၏ မြန်မာ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကြေညာချက် ထုတ်ပြန်ရာတွင် ထည့်သွင်း ပြောဆိုလိုက်သည်။ **(VOA 301210)** Read More...
- ထိုင်းအာဏာပိုင်များက မြန်မာဒုက္ခသည် ၁၆၆ ဦးကို နေရပ်အတင်းအကြပ် ပြန်ပို့သဖြင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး **(UNHCR)**၏ ကန့်ကွက်ခဲ့မှုကို ခံရပြီးနောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံအတွင်း ရောက်လာကြသည့် ဒုက္ခသည်များကို အခြေအနေများ တည်ငြိမ်မှုမရှိမချင်း နေရပ်အတင်း ပြန်ပို့ရန် အစီအစဉ်မရှိဘဲ လုံခြုံရေးကို ဦးစားပေး စဉ်းစားမည်ဟု တုံ့ပြန်ပြောဆိုလိုက်သည်။ **(VOA 311210)** Read More...
- ထိုင်းဝန်ကြီးချုပ် အဖိဆစ် ဝိချာချီဝသည် ရုတ်တရက် မဲဆောက်မြို့သို့ ရောက်ရှိလာပြီး တပ်ခရိုင် အုပ်ချုပ်ရေးမှူး၊ မဲဆောက်မြို့တော်ဝန်၊ နယ်စပ်တာဝန်ရှိ သူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် နယ်စပ်တိုက်ပွဲ အခြေအနေများ မေးမြန်းခဲ့ပြီး မဲဆောက်–မြဝတီ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပြန်ဖွင့်ရန်အတွက်လည်း ဝန်ကြီးချုပ်မှ ဆန္ဒရှိကြောင်း ပြောဆိုခဲ့သည်ဟု မဲဆောက်မြို့တော်ဝန်က ပြောသည်။ **(BBC 010111)** Read More...
- မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ အငြင်းပွားဖွယ် ရေပြင်ပိုင်နက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၄င်းနိုင်ငံပိုင် ပက်ထရို ဘင်္ဂလား ကုမ္ပဏီနှင့် အမေရိကန်နိုင်ငံမှ ကိုနိုကိုဖိလိစ်တို့ ပူးတွဲ ဓါတ်ငွေ့ရှာဖွေရေး သဘောတူစာအချုပ် လက်မှတ်ရေးထိုးပြီး ၂ နှစ်ကျော်ကြာ ရပ်တန့်ရာမှ ပြန်လည် အကောင်အထည်ဖော်နေသဖြင့် မြန်မာနိုင်ငံဘက်က ထပ်မံ ကန့်ကွက်လိုက်သည်။ **(BBC 010111)** Read More...

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားရေးတွင် အိန္ဒိယအစိုးရမှ နှုတ်ဆိတ်နေခြင်းကို အိန္ဒိယအမျိုးသား စီးပွားရေးနိုဘဲဆုရှင် အမာတီယာဆန်က ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဝေဖန်လိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ဒီမိုကရေစီ အင်အားစုများကို အားပေးစကား ပြောဆိုမှုမရှိသည့်အတွက်လည်း အမေရိကန်သမ္မတ အိုဘားမားမှ အိန္ဒိယအစိုးရအပေါ် ဝေဖန်လိုက်ခြင်းကို ထောက်ခံကြောင်း ပြောဆိုလိုက်သည်။ **(RFA 261210)** Read More...
- ဂျပန်ဓာတ်ပုံသတင်းထောက်တစ်ဦးဖြစ်သူ စတိုရှုနီဝစံက မိမိကြုံတွေ့ခဲ့ရသည့် စစ်အစိုးရကျင်းပခဲ့သော ၂၀၁၀ ရွေးကောက် ပွဲသည် လွတ်လပ် ပွင့်လင်းမှု မရှိကြောင်းကို ဂျပန်အန်ဂျီအိုများနှင့် သတင်းထောက်များအား ဒီဇင်ဘာ ၂၆ ရက်နေ့ညနေပိုင်း တွင် တိုကျိုမြို့ဟီရိုရှိမှ ဂျကာအဆောက်အအုံ ၄ ထပ်တွင် ဓာတ်ပုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြမှုများ ပြုလုပ်ခဲ့သည်။ **(DVB 261210)** Read More...

***End of report/ Saturday, January 01, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!